

ထိုရှေ့နေ

ဘားလမ်းဆိုသည်မှာ 'ဘာရက်စတာ'ရှေ့နေများ ရုံးစိုက်ကြသည်ကို အကြောင်းပြုပြီး ဘားလမ်းဟု ခေါ်တွင်ခဲ့ဟန် တူပါသည်။
ရုံးခန်း ဖွင့်ထားကြသည့် ရှေ့နေရှေ့ရပ်တို့၏ ဆိုင်းဘုတ်များမှာလည်း ဘယ်ကြည့်ကြည့် မြင်တွေ့နေရပေသည်။ တချို့ အဆောက်အအုံ အပေါက်ဝကြီးများတွင်ညာ မျက်နှာစာ တစ်ခုလုံးတွင် ဆိုင်းဘုတ် ကလေးများ တစ်ခုအပေါ် တစ်ခု ထပ်မိလုမတတ် ပြည့်နေအောင် ချိတ်ထားသည်ကိုလည်း တွေ့ရပေသည်။
တစ်ဖန် အတွင်းဘက်ကို ဝင်ကြည့်ပြန်လျှင်လည်း အတွင်းနံရံနှင့် လှေကားအတက် တစ်လျှောက်လုံး ဆိုင်းဘုတ်ကလေးများကို မြင်ရပြန်ပါသည်။ အားလုံး ရှေ့နေ၊ ဝတ်လုံဆိုင်းဘုတ်များသာ ဖြစ်ကြပါသည်။
ကျွန်တော်သည် မြူနီစပါယ်ရုံးကြီးတွင် ကျန်းမာရေးမှူးအဖြစ် အမှုထမ်းနေရသူ ဖြစ်ပါသည်။ နေ့စဉ်နေ့တိုင်း ဆိုသလို ဘားလမ်းကြီးအတိုင်း ကမ်းနားလမ်းမှ ခြေကျင်လျှောက် အလုပ်ဆင်းလေ့ ရှိပါသည်။
ကျွန်တော်သည် ဘားလမ်းတစ်လျှောက်ရှိ ဆိုင်းဘုတ်ကလေးများကို အမြဲမပြတ် မြင်တွေ့နေရပါသည်။ ထို့ကြောင့် ဝတ်လုံတော်တော်များများ၏ အမည်များနှင့်တကွ သူတို့၏ ဘွဲ့များ၊ ဂုဏ်ထူးများကိုပါ နေ့စဉ်လျှောက်ရင်း ဖတ်ရသဖြင့် မှတ်မိ နေပါသည်။
ကျွန်တော် ငယ်ငယ်က ထင်ခဲ့မိသည်မှာ ဘီအေဘွဲ့ရသူများသာ ဘီအယ်လ်ကိုတက်ပြီး ရှေ့နေ ဖြစ်ကြရသည်ဟု ထင်ခဲ့ပါသည်။ ယခု ဆိုင်းဘုတ်များကို ဂရုတစိုက် ဖတ်ကြည့်သည့်အခါမှ ဘီအေဘွဲ့ ရသူများသာမက ဘီအက်စ်စီဘွဲ့ရ တော်တော်များများလည်း ဘီအယ်လ်အောင်ပြီး ရှေ့နေလိုက်နေကြသည်ကို တွေ့ရသဖြင့် အံ့သြသွားမိပါသည်။
အချို့ ဆိုင်းဘုတ်များမှာ ဒီဂရီဘွဲ့များကို အထူးရေးသားထာခြင်း မရှိကြပါ။ ဦး...မည်သူ။ အမိန့်တော်ရ ရှေ့နေဟု သာမန်သာ ရေးထားသည့် ဆိုင်းဘုတ်မျိုးများလည်း တွေ့ရပါသည်။ အချို့ သူ့ထက် အတန်ငယ် အဆင့်မြင့်သည့် သဘောကို ပြသရန်လော မဆိုနိုင်ပေ။ ဦး...မည်သူ အထက်တန်းရှေ့နေ၊ သို့မဟုတ် ဝတ်လုံတော်ရ စသည်ဖြင့် ရေးသားထားပုံမျိုးကိုလည်း ဖတ်ရှုရပေသည်။
ထိုကဲ့သို့ အရေးအသား ကွဲပြားခြားနားကြပုံတို့နှင့် ပတ်သက်ကျွန်တော်သည် အတန်စိတ်ဝင်စားသလို ရှိလာပါသည်။ ထို့ကြောင့် ရှေ့နေများနှင့် ပတ်သက်လိုသော အကြောင်းများကို စုံစမ်းမေးမြန်းခြင်း၊ စပ်စုခြင်း မကြာခဏ ပြုလုပ်မိပါသည်။
စုံစမ်းမေးမြန်းမိသည့် အခါတွင် ကျွန်တော်ကိုယ်တိုင် ရှေ့နေလုပ်ချင်စိတ်များ ပေါ်လာပါသည်။
ရှေ့နေလုပ်ချင်စိတ် ပေါ်လာရပုံမှာလည်း အကြောင်း ရှိပါသည်။
ယခု ကျွန်တော် ကျန်းမာရေးမှူး ဖြစ်နေပါသည်။ လုပ်သက်ကလည်း နည်းတော့သည် မဟုတ်ပါ။ လာစာရင်း နှစ်ရာမှ စခဲ့ပြီး ယခုဆိုလျှင် လာစာရင်း သုံးရာသို့ ရောက်ခဲ့သည်မှာ အတန်ကြာပါပြီ။
ကျွန်တော်သည် နောက်ထပ် ရာထူးသော်လည်းကောင်း၊ လစာသော်လည်းကောင်း တိုးတက်နိုင်စရာ နည်းလမ်း လုံးဝ မရှိတော့ပေ။
ကျွန်တော့် အသက်ကလည်း ယခု လေးဆယ်က သီသီ ကျော်လာပြီ။ သားသမီးကလည်း ငါးယောက် ရှိခဲ့ပြီ။ သားအကြီး ယခု ဆယ်တန်းဝင်တော့မည်။ သူ အောင်ပြန်လျှင် ကောလိပ်သို့ ပို့ရမည်။ သူ ကောလိပ်ရောက်ပြီး ဆက်တိုက် သူ့အောက် တစ်ယောက် ကောလိပ်သို့ ပို့ရပြန်ဦးမည်။
ကလေးနှစ်ယောက် တစ်လနှစ်ရာ ပို့ရစေဦးနေတော့ ကျန်ကလေးများနှင့် ကျွန်တော့် လစာကလေးနှင့် မည်ကဲ့သို့ သုံးစွဲရပါဟုတွေးတိုင်း ကျွန်တော်သည် ဇက်ပိုးကိုပုပြီး

ဆက်မတွေးရဲဘဲ ရပ်ရပ်ထားလိုက်ရပါသည်။
'အကယ်၍များ ပင်စင်ယူပြီးသည့် အခါများတွင် ကလေးနှစ်ယောက်လောက် ကောလိပ် ပို့ရပြန်ဦးမည်ဆိုပါက...' စသည်ဖြင့် တွေးမိလိုက်လျှင်ကား ဆိုဖွယ်ရာ မရှိတော့ပါ။ တစ်ရေးနိုးလို့ အိပ်မပျော်လို့ တွေးမိပြီဆိုပါလျှင် ဇက်ပိုးမှ ချွေးများ တဒီးဒီးကျလာပြီး ရင်များပါ ခုန်ခုန်တက်လာတတ်ပါသည်။
တစ်ခါတစ်ရံတော့လည်း...
'ကိုယ့်အိုးနှင့် ကိုယ့်ဆန် တန်ရုံပဲ'ဟု ဖြေပါသည်။ ဆယ်တန်းအောင်ပြီးရသည့် သင်တန်း၊ ရသည့်အလုပ် ဝင်လုပ်ခိုင်းမှပဲဟု ဖြေပါသည်။
သို့သော ကိုယ်ကိုယ်တိုင်က ဆယ်တန်းလောက်သာ အောင်ခဲ့ပြီး ရရာသင်တန်း တက်ခဲ့မိသဖြင့် ကိုယ်ကိုယ်တိုင်လည်း မကြီးပွား၊ သားသမီးများကိုလည်း ကြီးမြင့်အောင် မလုပ်နိုင်နှင့် အတော် စိတ်ပျက်ခဲ့ရပြီ မဟုတ်လော။ ကျွန်တော် ဆုံးရှုံးရသလို သားသမီးများပါ လိုက်လံ ဆုံးရှုံးကြရတော့မည်လောဟူများစွာ စိတ်ပူမိရပါသည်။
ထို့ကြောင့် ကျွန်တော်သည် နေ့စဉ်နှင့်အမျှ ဘားလမ်းအတွင်းမှ လမ်းလျှောက်လာတိုင်းဆိုသလို ရှေ့နေ ဆိုင်းဘုတ်များ ဖတ်ရင်း ရှေ့နေများကို လေ့လာရင်း ရှေ့နေအလုပ်ကို အတော်စိတ်ဝင်စားပြီး အားကျလာမိခြင်း ဖြစ်ပါသည်။
ကျွန်တော် ရန်ကုန်ကို မပြောင်းရသေးခင်က ပုသိမ်မြို့နယ်၏ တစ်ခုသော ကျေးလက်ကျန်းမာရေးဌာနတွင် ကျန်းမာရေးမှူးအဖြစ် အမှုထမ်းခဲ့ရပါသည်။ ကျွန်တော် ပုလဲမြို့ပိုင်ရုံးကို ရောက်တိုင်း ရှေ့နေ အဘိုးကြီးတစ်ဦးကို တွေ့တွေ့နေရပါသည်။ အဘိုးကြီးအသက်မှာ ရှစ်ဆယ်ကျော်ပါပြီ။ ပိန်ပိန်သေးသေးကလေး ဖြစ်ပြီး အတော် တုန်တုန်ယင်ယင် ရှိနေပါပြီ။ သို့သော ယခုထက်တိုင် သူ အမှုလိုက်တုန်း ရှိနေပါသည်။ ထို ရှေ့နေအဘိုးကြီး၏ အကြောင်းကို စုံစမ်းကြည့်သောအခါ သူငယ်စဉ်က လျှောက်လွှာစာရေး လုပ်သည်ဟု သိရပါသည်။ နောက် မြို့ပိုင်တစ်ဦးက တတိယတန်း ရှေ့နေစာမေးပွဲဖြေရန်
တိုက်တွန်းသဖြင့် စာမေးပွဲ အောင်ပြီး ရှေ့နေဖြစ်လာသည်ဟု သိရပါသည်။
ထိုအဘိုးကြီးကို ကြည့်ပြီး ကျွန်တော် တော်တော်ကလေး အားကျသွားပါသည်။ ရှေ့နေတွင် ကန့်သတ်ချက် မရှိပါဘဲကလားဟု စွဲစွဲမြဲမြဲ သဘောပေါက်သွားပါသည်။
ထို့ကြောင့်ပင် တစ်နေ့နေ့ ကျွန်တော်ကိုယ်တိုင် ရှေ့နေစာမေးပွဲကို ဖြေနိုင်အောင် လုပ်ဦးမည်ဟု ဆုံးဖြတ်ခဲ့ပါသည်။ ကျန်းမာရေးမှူးမှပင် ပင်စင်ယူသော် ရှေ့နေဘဝဖြင့် မသေမချင်း စားသွားနိုင်မည်ဟု မျှော်လင့်ခြင်း ဖြစ်ပါသည်။
တစ်ခါက ကျွန်တော့် မိတ်ဆွေတစ်ယောက်သည် အမ်အေအောင်ပြီးနောက် ဘီအယ်လ်ကို ဆက်တက်ပါသည်။ ဘီအယ်လ်အောင်ပါသည်။ နောက် ဘီစီအက်စ် အကြီးတန်း ဖြေပြန်ပါသည်။ ၄င်းကိုလည်း အောင်ပါသည်။ ပထမ တက္ကသိုလ်တွင် လက်ထောက် ကထိက လုပ်ပါသေးသည်။ ထိုရာထူးဖြင့် သူမကြိုက်သော ဒေသတစ်ခုသို့ ပြောင်းရွှေ့ရသဖြင့် ၄င်းရာထူးမှ နှုတ်ထွက်လိုက်ပါသည်။ နောက်တစ်ဖန် နယ်ပိုင်ရာထူးတွင် ဝင်လုပ်ပြန်ပါသည်။ ၄င်းရာထူးဖြင့် ဟိုပြောင်းသည်ပြောင်းရပြန်ပါသည်။ ထိုအကြိမ်တွင်လည်း ထွက်လိုက်ပြန်ပါသည်။
ယခုတော့ ထိုမိတ်ဆွေမှာ ဝတ်လုံလိုက်နေပါသည်။ တစ်နေရာတည်း မပြောင်းရ မရွှေ့ရနဲ့ နေရာကျနေပါသည်။
ကျွန်တော့် မိတ်ဆွေကို ကြည့်ပြီး ကျွန်တော် တော်တော် အားကျသွားပါသည်။
ကျွန်တော့် အမှုထမ်း ဘဝတွင်ကား တခြားသူများ မသွားချင်သည့် နေရာဒေသများတွင် အတော်များများ ပြောင်းခဲ့ရ ရွှေ့ခဲ့ရပေသည်။ တစ်စွန်းတစ်စမျှ ထွက်ရဲဖို့ဝေးစွ ထွက်ပစ်လိုက်မည်ဟုပင် လေသံ မတိမ်းရဲပေ။ ထို့ကြောင့်လည်း တစ်နေ့နေ့တွင်မှ ရှေ့နေစာမေးပွဲ ဖြေပစ်လိုက်ဦးမည်ဟုတေးထားလိုက်ပါသည်။
ကျွန်တော် ဘားလမ်းထဲမှ လမ်းလျှောက်တိုင်းရှေ့နေ နာမည်များပါသည့် ဆိုင်းဘုတ်ကို

ဖတ်ရှုရုံမျှမကပါ ရှေ့နေများကိုလည်း တစေ့တစောင်းက လေ့လာပါသည်။ ခေါင်းပေါင်း
ကလေးများကို ကြော့နေအောင် စွပ်ထားတတ်ကြပုံ၊ အယ်လ်ပါကား အနက် စတစ်ဖြူ
ကော်လံကလေးများ ပြောနေအောင် ကြွေတိုက်ထားကြပုံ၊ တချို့တချို့တွင် ဝတ်လုံအနက်ကြီးကို
လက်တစ်ဖက်က တင်လမ်းသလားကြပုံ၊ တချို့ချို့တွင် မိမိနောက်မှ ကုလားတစ်ယောက်ကို
စာအုပ် ဇရာမကြီးများကို ထမ်းခိုင်းပြီး ရှေ့မှ ခပ်ကြော့ကြော့ကလေး သွားတတ်ပုံ
စသည်တို့ကအစ လေ့လာမှတ်သားမိပါသည်။
သူတို့ကို ကြည့်ရင်း ကျွန်တော်သာဆိုလျှင် ဘယ်ပုံဘယ်နည်း ဂိုက်ပေးမိလိမ့်မည်
စသည့်ဖြင့်လည်း တွေးမိရင်း တစ်ကိုယ်တည်း ကျိတ်ပြုံးမိပါသည်။
နောက်ဆုံး ရှေ့နေစာမေးပွဲ ဝင်နိုင်ရန်သာ ဟိုစုံစမ်း သည်စုံစမ်းလုပ်ရင်း ရှေ့နေတွေ့တိုင်း
ဆိုသလို မနေနိုင် မထိုင်နိုင် မေးခြင်း မြန်းခြင်း ပြုမိလေ့ရှိပါသည်။
× × × × × × × ×
ကျွန်တော်သည် ရာဇဝတ်ဌာနတွင် စောစောက အမှုမထမ်းခဲ့မိသည်ကို ယခုမှ နောင်တရနေမိပါသည်။ ယခုဆိုလျှင်
တတိယတန်း ရှေ့နေ စာမေးပွဲလည်း မရှိတော့ပါ။ ဘီအေ အောင်ပြီးမှ တစ်ဆင့်တက်ရသည့်
ဘီအယ်လ်လည်း မရှိတော့ပါ။ ရာဇဝတ်ဘက် ဌာနတွင် အမှုထမ်းခဲ့မိပါက အမှုလိုက်လုပ်သက်
ခုနစ်နှစ်ဆိုလျှင် အထက်တန်း ရှေ့နေ စာမေးပွဲ ဝင်ဖြေနိုင်ခွင့် ရှိသည်ဟု သိရပါသည်။
သို့မဟုတ် ရာဇဝတ်အုပ် တရားသူကြီးလုပ်သက် ခုနစ်နှစ် ရှိပါကလည်း အထက်တန်းရှေ့နေ
စာမေးပွဲ ဝင်ဖြေနိုင်သည်ဟု သိရပါသည်။
ကျွန်တော့် ကျန်းမာရေးမှူး လုပ်သက် (၁၀)နှစ်ကျော်ခဲ့ပြီ ဖြစ်သော်လည်း ရှေ့နေစာမေးပွဲကို
မဝင်နိုင်ပါဘဲကလားဟုကျွန်တော် စိတ်မကောင်း ဖြစ်မိပါသည်။
သို့သော် ဥပဒေအဓိက ဘာသာယူပြီး ကောလိပ်တက်ရဖို့ကလည်း ကျွန်တော့်တွင် ကျန်းမာရေး
အမှုထမ်းရသည်ကလည်း တစ်ဖက်နှင့်မို့ စိတ်မကူးနိုင်တော့ပါ။ မလွယ်ပါဘဲကလား
မောင်မင်းဏီဟုသာ ညည်းမိပါသည်။
နောက်ဆုံး မိတ်ဆွေရှေ့နေတစ်ဦး၏ အကြံပေးချက်ဖြင့် လုပ်သားကောလိပ်တွင် အဓိကဘာ ဘသာ တစ်ရပ်ရပ်ကို
ယူပြီးလျှင် ဘီအေအောင်သည်အထိ တက်ရန်နှင့် ထိုစာမေးပွဲအောင်မှ အထက်တန်း ရှေ့နေ
စာမေးပွဲ ဝင်ဖြေရန်နည်းလမ်း ပြောပြသဖြင့် ထိုနည်းလမ်းအတိုင်း လိုက်နာကြိုးစားရန်
ဆုံးဖြတ်လိုက်ရပါတော့သည်။
ကျွန်တော် လုပ်သားကောလိပ်ကို လျှောက်လွှာတင်ထားလိုက်ပါသည်။ ဘီအေအောင်သည် မအောင်သည်ထက်
တစ်နေ့ ရှေ့နေဖြစ်ရမည်ဟု စိတ်ကူးမြူးနေမိပါသည်။
နေ့စဉ် အလုပ်ဆင်း အလုပ်တက်တိုင်း ဘားလမ်းမှ လျှောက်ရသည်ကိုပင် ကိုယ့်ဘဝအတွက်
ဖြူးနေသော လမ်းကြီးပေတကားဟု အတွေးပေါက်ပြီး မြူးလျက် ရှိနေပါသည်။ ထိုအတွင်း တချို့
ရှေ့နေများနှင့်ပင် မျက်မှန်တန်းသလိုလို ရှိနေပါသည်။
မျက်မှန်းတန်းမိသည့် ပုဂ္ဂိုလ်များအနက် ကျွန်တော် မျက်စိအကျဆုံး ပုဂ္ဂိုလ်တစ်ဦးမှာ
အသက်ရှစ်ဆယ်ထက် မငယ်ပုံရသော ခပ်ဝဝ၊ အရပ်မြင့်မြင့်၊ ဥပဓိရုပ် ကောင်းကောင်းနှင့်
လူကြီးတစ်ဦး ဖြစ်ပါသည်။
တစ်ခါတစ်ရံ လမ်းလျှောက်လာသည်ကို တွေ့ရပြီး တစ်ခါတစ်ရံလည်း အော်စတင်ကားအနက်
ခပ်အိုအိုကလေးပေါ်မှ ဆင်းဆင်းလာပြီး လာတတ်သည်ကို တွေ့ရတတ်ပါသည်။
သူ့ကို မည်သည့်အခါမဆို ခေါင်းပေါင်း အနီရဲရဲ၊ ပိုးလုံချည် အနီရဲရဲနှင့်
တိုက်ပုံအကျီအနက်ကို ဝတ်ထားသည်သာ တွေ့ရပါသည်။
လွန်ခဲ့သည့် အနှစ်လေးဆယ်ကျော်လောက်က ဗြိတိသျှခေတ်က ရာဇဝတ် အမှုလိုက်
အင်စပက်တော်ကြီးများသည် ခေါင်းပေါင်း၊ လုံချည် အနီရဲရဲများနှင့်
ကာကီကြယ်နစ်ကုတ်ကို ဝတ်တရားသူကြီးများ၏ ရှေ့မှ အစိုးရဘက်က အမှုလိုက်လေ့ ရှိကြပုံကို

ကျွန်တော် မြင်ယောင်လာပါသည်။
ကျွန်တော့် အမေ၏ တူတစ်ယောက် ထိုအဝတ်အစားမျိုးနှင့် ရိုက်ထားသည့် ဓာတ်ပုံကို ကျွန်တော် မှတ်မိနေပါသည်။
ကျွန်တော် မျက်စိကျနေသော အဘိုးကြီးမှာ ဗြိတိသျှခေတ်က အမှုလိုက် အင်စပက်တော်ကြီးဟု ထင်ပါသည်။ ပင်စင် ယူပြီးသည့်နောက် ရှေ့နေလုပ်နေခြင်းသာ ဖြစ်ရမည်ဟု ကျွန်တော် အကဲခတ် မိပါသည်။ ပင်စင်လစာနှင့် အမှုလိုက်ခနှင့် ဆိုလျှင် ဝင်ငွေခေလှမည် မထင်ပါ။ ဒါကြောင့်လည်း အော်စတင်ကားကို ဒရိုင်ဘာနှင့် အကျစီးနိုင်နေခြင်းသာ ဖြစ်ရပါမည်။ ကျွန်တော် အကဲခတ်လျှင် လွဲခဲပါသည်။
ထို အဘိုးကြီးကို ကျွန်တော် မျက်စိကျနေခြင်းမှာလည်း အကြောင်းရှိပါသည်။ ကျွန်တော် ယခု အသက်လေးဆယ့်တစ်နှစ် ရှိပါပြီ။ ကျွန်တော် ဘီအေ အောင်သောအခါ လေးဆယ့်ခြောက်နှစ် ရှိပါတော့မည်။ တစ်ခါ ရှေ့နေစာမေးပွဲ ဖြေပြီးသောအခါ ငါးဆယ်နား ကပ်နေပါတော့မည်။ ပင်စင်ယူပြီးမှ ရှေ့နေလိုက်ရသော် ကျွန်တော့်မှာ ယခု ကျွန်တော် မျက်စိကျနေသော အဘိုးကြီးကဲ့သို့ ဖြစ်လာတော့မည် မလွဲတည်းဟု တွေးပြီး မျက်စိကျနေမိခြင်း ဖြစ်ပါသည်။
× × × × × × × ×
ဘားလမ်းနှင့် ကုန်သည်လမ်းထောင့်တွင် ဟိန္ဒူ လက်ဖက်ရည်ဆိုင်ကြီး တစ်ဆိုင်ရှိပါသည်။
ထိုဆိုင်ကြီးမှာ ရှေ့နေများ အမှုသည်များနှင့် အခါမလပ် ဝင်ထွက်စည်ကားနေပါသည်။
တစ်ခါတစ်ခါ ကျွန်တော်လည်း ထိုဆိုင်တွင် ဝင်ရောက်ပြီး လက်ဖက်ရည် သောက်လေ့ရှိပါသည်။
တစ်နေ့ ကျွန်တော် ထိုဆိုင်နား ရောက်သောအခါ ခေါင်းငဲ့ကြည့်ပြီး အသိရှေ့နေ တစ်ဦးဦးမြင်လျှင် ဝင်စကားပြောရင်း လက်ဖက်ရည် သောက်မည်ဟု အောက်မေ့မိပါသည်။ အခန့်သင့်ပင် ကျွန်တော် မျက်စိကျနေသော အဘိုးကြီး ရှေ့နေကို မြင်လိုက်မိပါသည်။ သူဝတ်နေကျအတိုင်း ခေါင်းပေါင်း အနီရဲရဲ၊ အယ်လ်ပါကား တိုက်ပုံအနက်၊ ပိုးလုံချည် နီရဲရဲနှင့် တခြား ရှေ့နေများထက် ပိုပေါ်လွင်နေပါသည်။ သူ့ရှေ့တွင် အမှုသည်နှင့်တူသူ မိန်းမတစ်ယောက် ယောကျ်ား တစ်ယောက်တို့ကိုလည်း မြင်ရပါသည်။ ခေါင်းချင်းဆိုင်အမှုအကြောင်း ပြောနေဟန် တူပါသည်။ အဘိုးကြီး၏ ဘေးတွင် စာအုပ်ထူထူကြီး နှစ်အုပ်ကိုလည်း သားရေဖုံးကြီးများနှင့် အခန့်သား မြင်ရပါသည်။
ကျွန်တော်သည် လက်ဖက်ရည် မသောက်ချင်သော်လည်း ဆိုင်ထဲသို့ဝင်အဘိုးကြီးနှင့် မျက်နှာချင်းဆိုင် မကျတကျ တစ်နေရာတွင် ဝင်ထိုင်ပြီး လက်ဖက်ရည် မှာပါသည်။ လက်ဖက်ရည် သောက်ရင်း အဘိုးကြီးကို လှမ်းအကဲခတ်ပါသည်။ အကြည့်ချင်းဆုံလျှင် ကျွန်တော်ကစပြီး မိတ်ဖွဲ့ရန် ရည်ရွယ်မိပါသည်။
သူ့ရှေ့ မိန်းမတစ်ယောက်နှင့် လူတစ်ယောက်တို့မှာ ကျွန်တော် ဝင်လာကာမှ ပို□ဘမ ။ြအဘိုးကြီးဘက် ငုံ့ပြီး စကားကို တိုးတိုးကလေး ပြောနေကြပါသည်။ အဘိုးကြီးက
တစ်ခါတစ်ခါသာ သားရေဖုံး စာအုပ်ကြီးကို လက်ဝါးနှင့် ပုတ်လိုက်၊ ခေါင်းကို ငုံ့လိုက်နှင့် ပါးစပ်က ခပ်တိုးတိုး ပြောနေပါသည်။ အမှုအကြောင်း ဆိုသည်မှာ သိုသိုသိပ်သိပ် ပြောရရိုး ရှိတာကိုးဟု ကျွန်တော် သဘောပိုက်မိကာ သူတို့ပြောသည်ကို စိတ်မဝင်စားသကဲ့သို့ အမူအရာ လုပ်လိုက်ရပါသည်။
ခဏကြာလျှင် မိန်းမနှင့် ယောကျ်ားဖြစ်သူတို့ ထွက်သွားကြပါသည်။ ထိုအခါမှ အဘိုးကြီး ထမသွားခင် စကားပြောနိုင်ရန် ရည်ရွယ်၍ကျွန်တော်ကပင် မျက်နှာချိုသွေးပြီး အဘိုးကြီးနား ကပ်သွားမိပါသည်။
"ဆေးလိပ်သုံးဆောင်ပါဦး ခင်ဗျာ"
ဟု ပြောကာ ကျွန်တော့် ခပေါင်းဘူးကလေး ဖွင့်ပြီး ရိုရိုသေသေ ပေးပါသည်။
"သည်းခံ မောင်... သည်းခံ၊ ဦးကြီးက ဆေးလိပ် မသောက်ပါဘူး"

ဟု လက်ကာရင်း ပြောပါသည်။
"ဒါဖြင့်ဦးရယ်... လက်ဖက်ရည်တော့ သုံးဆောင်ပါဦး၊ ကျွန်တော် မှာလိုက်ပါရစေ"
ဟု ပြောပြောဆိုဆို...
အဘိုးကြီးက ကာကာကုလားကို လက်ကာပြီး ကုလားစကားဖြင့် လှမ်းပြောလိုက်ပါသည်။ ၎င်းကို ကျွန်တော် နားမလည်ပါ။
"ငါ မသောက်နိုင်တော့ဘူး၊ စောစောက သောက်ထားတယ်"ဟု ပြောသလား မသိပါ။
အဘိုးကြီးကို ကျွန်တော် သဘောကျသွားပါသည်။ ကာကာလက်ဖက်ရည်ဆိုင်များမှာ ဘယ်နှနှစ် ကျင်လည်ခဲ့ပြီနည်း။ ကုလားစကားများပင် မွတ်နေပေပြီ။ တော်တော်လည်း လည်မည့် ပုဂ္ဂိုလ်ပေတည်း။ ရာဇဝတ်မှုလိုက် သက်တမ်းအပေါင်း၊ ရွှေနေသက်တမ်းပါဆိုတော့ မလည်မဖြစ်တော့ပြီဟု ဆိုရပေမည် မဟုတ်ပါလော။
ကျွန်တော်သည် ကြာကြာ အချိန်မဆွဲနိုင်ပြီ။ တော်တော်ကြာလျှင် ရွှေနေဆိုသည်မှာ အချိန်ကိုကြည့်အလုပ်လုပ်ရသူ ဖြစ်သဖြင့် အဘိုးကြီး ထွက်သွားပေလိမ့်မည်ဟု တွေးမိပြီး...
"ဦးကြီး နာမည်ကလေးနဲ့ ဘယ်မှာ နေထိုင်သလဲဆိုတာ ကျွန်တော် သိပါရစေခင်ဗျား၊ အကြောင်းရှိတဲ့အခါ ကျွန်တော် ဆက်သွယ်နိုင်အောင်လို့ပါ"

ဟု ကျွန်တော်က စလိုက်မိပါသည်။
ထိုသို့ဖြင့် ကျွန်တော်သည် ရွှေနေ သုံးလေးဦး၏ နာမည်၊ ရုံးလိပ်စာ၊ အိမ်လိပ်စာများ သိခဲ့ပြီ မဟုတ်ပါလား။
"အေးကွာ... ဟုတ်သားပဲ၊ ဦးကြီး နာမည်က ဆရာဘကြီးတဲ့ကွ၊ နေတာကတော့ ကျွန်တောလမ်း၊ အိမ်နံပါတ် (...)မှာပါ"
"သြော်... သြော်၊ ဒါဖြင့် ဦးကြီး ဘားလမ်းထဲမှာရော ရုံးခန်း မဖွင့်ထားဘူးလားဗျ"
"မဖွင့်ပါဘူးကွာ၊ ဘားလမ်းထဲမှာတော့ ရွှေနေတွေသာ ရုံးခန်းဖွင့်ထားတော့မပေါ့"
"ဒါဖြင့် ဦးကြီးက ရွှေနေအမိန့်တော်ရ မဟုတ်လား ခင်ဗျာ"
ဟု ကျွန်တော်က ဆက်မေးကြည့်လိုက်ပါသည်။
"မဟုတ်ပါဘူးကွာ"
"ဒါဖြင့် ဦးကြီးက ဘာလုပ်တာပါလဲခင်ဗျာ"
ဟု မနေနိုင်သဖြင့် မေးမိပြန်ပါသည်။
"ဦးကြီးက ဗေဒင်ဆရာကွ၊ အမှုသည်တွေ၊ တရားခံတွေ လွတ်ရာလွတ်ကြောင်း ယတြာတွေ၊ ဓာတ်တွေ လုပ်လုပ်ပေးရတာပေါ့ကွာ"
ဟု ပြောပါသည်။
ကျွန်တော်သည် ဦးကြီး လန့်သွားမည် စိုးသဖြင့် ကျွန်တော့်နဖူး ကျွန်တော် လက်ဝါးနှင့် မရိုက်မိရန် မနည်းထိန်းထားလိုက်ရတော့လေသည်။

မင်းဏီ